
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
စာစဉ်-၄

# အခန်း (၃၇)

## ကျေးဇူးတရား

*

ထိုသို့ ဆိုပြီးနောက် ချင်ယွမ်ဖုန်းသည် မိမိ၏ သိုလှောင်အိတ်အတွင်းမှ နတ်သက်ကြွေဆေးမြက် မျိုးစေ့နှစ်စေ့ကို ထုတ်ယူလိုက်လေသည်။

ကြည်လင်တောက်ပနေသော ထိုမျိုးစေ့နှစ်စေ့မှာ လက်မခန့်မျှ အရွယ်အစားရှိပြီး ဆန်းကြယ်လှသော အငွေ့အသက်များ လွှမ်းခြုံလျက် ရှိနေ၏။

ဤသည်မှာ ချင်ယွမ်ဖုန်းအဖို့ နတ်သက်ကြွေဆေးမြက် မျိုးစေ့ကို ပထမဦးဆုံးအကြိမ် မြင်တွေ့ဖူးခြင်းပင် ဖြစ်ချေသည်။

"ဒါ... ဒါက တကယ်ပဲ နတ်သက်ကြွေဆေး မြက်ရဲ့ မျိုးစေ့လား" ဟု မုန့်ချီလော့က မယုံကြည်နိုင်ဟန်ဖြင့် မေးမြန်းရှာသည်။

"ဧကန်မလွဲ အစစ်အမှန်ပါပဲ" ဟု ချင်ယွမ်ဖုန်းက အသေအချာ ခေါင်းညိတ်ပြလျက် "ချီလော့ အတွက် လိုအပ်နေတယ်ဆိုရင် ဒါကို အမှတ်တရ လက်ဆောင်အဖြစ် ပေးပါရစေ" ဟု ဆိုလေသည်။

"မဖြစ်ပါဘူး... ဒါက အရမ်းတန်ဖိုးကြီးလွန်း တာမို့ ကျွန်မ လက်မခံဝံ့ပါဘူး" ဟု မုန့်ချီလော့ က အလျင်အမြန် ငြင်းဆန်ရှာ၏။

အမှန်စင်စစ် နတ်သက်ကြွေဆေးမြက်ဟူသည် ရှန်းဂူ စကြဝဠာ တိုက်ကြီးတွင် အလွန်တရာ ရှားပါးလှသော အဆင့်ရှစ် ဝိညာဉ်ဆေးမြက် တစ်မျိုး ဖြစ်ပေရာ ယင်းဆေးမြက်မျိုး တိုက်ကြီး ပေါ်တွင် ရှိမရှိကိုပင် မည်သူမျှ တပ်အပ်မပြော

နိုင်ကြချေ။

ချင်ယွမ်ဖုန်းက ခေါင်းကို ခါယမ်းလိုက်ပြီး "ဒါကို လက်ခံရပါမယ်။ မင်းသာ မရှိခဲ့ရင် သတိမေ့နေတုန်း ငါ့ကို တောသားရဲတွေ စားသွားလောက်ပြီ။ ဒါကို အသက်ကယ်ကျေးဇူး ဆပ်တယ်လို့ပဲ သဘောထားပေးပါ" ဟု ဆို၏။

မုန့်ချီလော့သည် ချင်ယွမ်ဖုန်းကို တစ်ချက်ကြည့်လိုက်မိသည်။ သူမအနေဖြင့် နတ်သက်ကြွေဆေးမြက်ကို အမှန်တကယ် လိုအပ်နေသော်လည်း ချင်ယွမ်ဖုန်း၏ စေတနာကို လက်ခံရန်မှာမူ ဝေခွဲမရ ဖြစ်နေရှာသည်။

အကယ်၍ ဤမျိုးစေ့နှစ်စေ့ကိုသာ လက်ခံလိုက်ပါက သူမနှင့် ချင်ယွမ်ဖုန်းအကြားရှိ ပတ်သက်မှုသည် မည်သည့်အခါမျှ ဖြတ်တောက်၍ ရတော့မည်မဟုတ်ဟု ခံစားမိနေသောကြောင့်ပင်။

"ကောင်းပါပြီ... ဒါပေမဲ့ ကျွန်မ တစ်စေ့ပဲ ယူပါရစေ။ ကျွန်မရဲ့ ဆရာသခင်ကိုယ်စားလည်း ကျေးဇူးတင်ပါတယ်ရှင်" ဟု ဆိုကာ မုန့်ချီလော့က ချင်ယွမ်ဖုန်းကို ပြုံး၍ ကြည့်လိုက်လေသည်။

ချင်ယွမ်ဖုန်းလည်း ရက်ကိုးရက်ကန်းဖြင့် ခေါင်းကို ကုတ်လျက် "ဒါဆိုလည်း ကောင်းပါပြီ... တစ်စေ့ဆိုလည်း တစ်စေ့ပေါ့" ဟု ဆိုရတော့သည်။

မုန့်ချီလော့သည် မျိုးစေ့ကို ရရှိသဖြင့် အတိုင်းမသိ ဝမ်းသာသွားသော်လည်း ခဏချင်းမှာပင် မျက်မှောင်ကြုတ်သွားပြန်သည်။

"ဘာဖြစ်လို့လဲ ချီလော့" ဟု ချင်ယွမ်ဖုန်းက စိုးရိမ်တကြီး မေးမြန်းမိ၏။

"မဟုတ်ပါဘူး... ဒါက မျိုးစေ့အဆင့်ပဲ ရှိသေးတာကို တွေးမိလို့ပါ။ ဆရာ့အသက်ကို ကယ်ဖို့အတွက် နတ်သက်ကြွေဆေးမြက် အပင်

လိုက် လိုအပ်တာလေ။

အပင်ပေါက်လာတဲ့အထိ ဆရာ စောင့်နိုင်ပါ့မလား မသိသလို၊ ကျွန်မကရော အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်ပါ့မလားလို့ စိုးရိမ်မိလို့ပါ"

မုန့်ချိုလေး၏ မျက်နှာတွင် စိုးရိမ်ရိပ်များ လွှမ်းမိုးနေသည်ကို ကြည့်ခြင်းအားဖြင့် သူမနှင့် ဆရာသခင်တို့၏ သံယောဇဉ်မှာ အလွန်နက်ရှိုင်းကြောင်း သိသာလှပေသည်။

"ဒါအတွက်လည်း ငါ့မှာ နည်းလမ်းရှိပါတယ်" ဟု ဆိုကာ ချင်ယွမ်ဖုန်းက လျှို့ဝှက်သော အပြုံးတစ်ခုနှင့်အတူ သိုလှောင်အိတ်အတွင်းမှ ပုလင်းငယ်တစ်လုံးကို ထုတ်ယူလိုက်ပြန်သည်။

ယင်းမှာ သဘာဝ နတ်စမ်းရေ အစက်ပေါင်း တစ်ထောင်ခန့် ပါဝင်သော ပုလင်းငယ်လေးပင် ဖြစ်၏။

"ဒါက ဘာလဲဟင်..." ချင်ယွမ်ဖုန်း ပုလင်းလေး ထုတ်လိုက်သည်ကို မြင်သောအခါ မုန့်ချီလော့မှာ နားမလည်နိုင်ဖြစ်သွားသော်လည်း ထိုပုလင်းငယ်အတွင်းမှ ကြီးမားသော သက်စောင့်အားအင်များ ထွက်ပေါ်နေသည်ကိုမူ ခံစားမိလေသည်။

"ဒါကို သဘာဝ နတ်စမ်းရေလို့ ခေါ်တယ်။ အဆတစ်သောင်းလောက် ရောလိုက်ရင်တော့ သန့်စင်တဲ့ နတ်ရေစင် ဖြစ်သွားတာပေ့ါ။ ဒါဟာ အပင်တွေရဲ့ ကြီးထွားနှုန်းကို မြန်ဆန်စေရုံတင်မကဘဲ အပင်ရဲ့ ဆေးစွမ်းသတ္တိတွေကိုလည်း ပိုပြီး အစွမ်းထက်စေတယ်။ နတ်သက်ကြွေဆေးမြက်ကို အချိန်တိုအတွင်းမှာ အောင်မြင်အောင် စိုက်ပျိုးနိုင်မယ်လို့ ငါ အာမခံပါတယ်"

ချင်ယွမ်ဖုန်းက ဂုဏ်ယူဝံ့ကြွားစွာဖြင့် "ဒီလိုအရာမျိုးက တစ်လောကလုံးမှာ ငါ့ဆီမှာပဲ ရှိတာ

ပါ" ဟု ထပ်လောင်း ဆိုလေသည်။

"ဒီလောက်တောင် အစွမ်းထက်တဲ့ အရာမျိုး ရှိတယ်လား..." မုန့်ချိုလော့မှာ အံ့အားသင့်လွန်းသဖြင့် မျက်လုံးများ အဝိုင်းသား ဖြစ်သွားရ၏။

"ဒါပေါ့... ဒီနတ်စမ်းရေက ဝိညာဉ်အပင်တွေတင်မကဘူး၊ သားရဲတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်သလို ကောင်းမွန်တဲ့ သွေးသားပြောင်းလဲခြင်းတွေကိုလည်း ဖြစ်ပေါ်စေနိုင်တယ်" ဟု ချင်ယွမ်ဖုန်းက ပြုံးလျက် ရှင်းပြလေသည်။

"တကယ်ကို အံ့သြစရာပါပဲ... လောကကြီးမှာ ဒီလောက် ကောင်းကင်ဘုံကို ဆန့်ကျင်နိုင်တဲ့ အရာမျိုး ရှိနေလိမ့်မယ်လို့ မထင်ထားခဲ့ဘူး" ဟု မုန့်ချိုလော့က အလွန်အမင်း တုန်လှုပ်သွားရရှာသည်။

"ဟဲဟဲ... ဒီသဘာဝ နတ်စမ်းရေ ပုလင်းကို မင်း

အတွက် ပေးပါတယ်။ မင်းရဲ့ ဆရာသခင်ကို ကုသပေးနိုင်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်" ဟု ဆိုကာ ချင်ယွမ်ဖုန်းက နတ်စမ်းရေပုလင်းကို သူမထံ ကမ်းပေးလိုက်၏။

မုန့်ချီလော့သည် ငြင်းဆန်ရန် ပြင်သော်လည်း သူမ၏ ဆရာသခင်မှာ အချိန်ဆွဲ၍ မရတော့သည်ကို သတိရကာ ဝေခွဲမရ ဖြစ်နေပြန်သည်။

ထိုသို့ တုံ့ဆိုင်းနေသည်ကို မြင်သောအခါ ချင်ယွမ်ဖုန်းက "ချီလော့... ငါ့ရဲ့ အသက်တန်ဖိုးက ဒီနတ်စမ်းရေ တစ်ပုလင်းလောက်တောင် မရှိဘူးလို့ မင်း ထင်နေတာလား" ဟု မေးလိုက်လေသည်။

"မဟုတ်ရပါဘူး... အဲလို မဟုတ်ပါဘူး၊ ဒါပေမဲ့..."

"ဒါဆိုရင် ဘာများ စိုးရိမ်နေစရာ ရှိသေးလို့လဲ"

ဟု ချင်ယွမ်ဖုန်းက ပြုံးလျက် ဆို၏။

မုန့်ချီလော့သည် သွားကို တင်းတင်းစေ့ကာ ထို နတ်စမ်းရေကို လက်ခံလိုက်ပြီးနောက် "သခင် လေးချင်... ဒီကျေးဇူးကို ကျွန်မ ဘယ်တော့မှ မ မေ့ပါဘူး။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ ကျွန်မအကြောင်းတွေ ပြောပြဖို့ရော၊ ကျေးဇူးဆပ်ဖို့ရော မစွမ်းသာသေးတာကို ခွင့်လွှတ်ပေးပါ" ဟု ဆိုရှာသည်။

"ငါ့ကို နာမည်အတိုင်းပဲ ခေါ်ပါလို့ ပြောထား တယ်လေ"

"ယွမ်ဖုန်း... ဒါနဲ့ နေပါဦး၊ ရှင့်အသက် ဘယ်လောက်ရှိပြီလဲ" ဟု မုန့်ချီလော့က ရုတ်တရက် မေးလိုက်၏။

"ဆယ့်ရှစ်နှစ်ပါ"

"အော်... သိပြီ။ ငါက မင်းထက် တစ်နှစ်ကြီး တာဆိုတော့ မင်းကို ‘ရှောင်ဖုန်း’ လို့ပဲ ခေါ်တော့

မယ်နော်"

"ခေါ်နိုင်ပါတယ်... ဒါပေမဲ့ ငါကတော့ မင်းကို 'ချီလော့' လို့ပဲ ဆက်ခေါ်မှာနော်။ ငါ့ဆီကနေ 'အစ်မကြီး' ဆိုတဲ့ အခေါ်အဝေါ်ကိုတော့ မျှော်လင့်မနေနဲ့ဦး"

ရင်းနှီးသော ထိုသို့သော အခေါ်အဝေါ်ကို ကြား ရသဖြင့် ချင်ယွမ်ဖုန်းမှာ အလွန်ပင် ကျေနပ်သွား ရ၏။ "စိတ်မပူပါနဲ့... ကျေးဇူးဆပ်ဖို့လည်း မလို ပါဘူး။ ဒါနဲ့... ငါတို့ နောက်ထပ် ဆုံနိုင်ခွင့် ရှိဦးမ လား"

မုန့်ချီလော့၏ အခြေအနေမှာ သာမန်မဟုတ် သည်ကို သိထားသဖြင့် သူက ယင်းသို့ မေးမြန်း လိုက်ခြင်း ဖြစ်ပေသည်။

မုန့်ချီလော့က ချင်ယွမ်ဖုန်းကို ကြည့်ကာ လေး လေးနက်နက် ခေါင်းညိတ်ပြလျက် "ရှောင် ဖုန်း... ရှင်က သာမန်လူတစ်ယောက် မဟုတ်ဘူး

ဆိုတာ ငါ သိပါတယ်။ရှင်သာ ကျင့်ကြံခြင်း လမ်းစဉ်မှာ ကြိုးစားအားထုတ်မယ်ဆိုရင် တစ်နေ့ကျရင် အရာအားလုံးကို ငါ ပြောပြနိုင်မှာပါ" ဟု ဆိုလေသည်။

"တင်း မုန့်ချိုလော့ထံမှ အာဃာတတန်ဖိုး (၁၀၀) ရရှိသည်"

ချင်ယွမ်ဖုန်းမှာ အနည်းငယ် အံ့အားသင့်သွားရသလို စိတ်ပျက်သလိုလည်း ဖြစ်သွားရ၏။

မုန့်ချိုလော့သည် လောလောဆယ်တွင် သူ့အပေါ်၌ ကျေးဇူးတင်စိတ်သာ ရှိနေသေးသည်ကို သိလိုက်ရသောကြောင့် ဖြစ်သည်။ သို့သော်လည်း တစ်နေ့တွင် မုန့်ချိုလော့ မိမိကို ချစ်လာအောင် လုပ်နိုင်မည်ဟု သူ ယုံကြည်ချက်အပြည့်ရှိနေပေသည်။

"နားလည်ပါပြီ" ဟု ချင်ယွမ်ဖုန်းက စိတ်ထဲမှ ကြိုးဝါးလိုက်မိသည်။ မုန့်ချိုလော့၏ အကြောင်း

ကို သိနိုင်ရန်နှင့် မိမိ၏ နတ်မိမယ်လေးနှင့် ပိုမို နီးစပ်နိုင်ရန်အတွက် ကျင့်စဉ်အဆင့်များကို ပိုမို မြင့်မားအောင် ကြိုးစားရပေမည်။

"ရှောင်ဖုန်း... ဒါတွေ ရပြီဆိုတော့ ငါလည်း အမြန်ပြန်မှ ဖြစ်တော့မယ်" ဟု မုန့်ချီလော့က ဆို၏။ သူတို့နှစ်ဦးမှာ နှစ်ကြိမ်သာ ဆုံဖူးကြသေးသော်လည်း မုန့်ချီလော့မှာ ခွဲခွာရမည်ကို နှမြောတသ ဖြစ်နေမိသည်။

"ဒါပေ့ါ... ဆရာ့ကို ကယ်ဖို့က ပိုအရေးကြီးတာပဲ။ နောက်မှ ထပ်ဆုံကြတာပေ့ါ" ဟု ချင်ယွမ်ဖုန်းက ပြုံး၍ ဆိုလေသည်။

"ဒါနဲ့ ချီလော့... သဘာဝ နတ်စမ်းရေနဲ့ နတ်သက်ကြွေဆေးမြက် အကြောင်းကိုတော့ လျှို့ဝှက်ပေးထားပါဦး။ ဒါကို မင်းတစ်ယောက်တည်းကိုပဲ ပြောပြထားတာမို့လို့ပါ"

"စိတ်ချပါ... ဘယ်သူ့ကိုမှ မပြောပါဘူး" ဟု မုန့်

ချီလော့က ခေါင်းညိတ်ကတိပေးသည်။ လူတိုင်းတွင် လျှို့ဝှက်ချက်ကိုယ်စီ ရှိကြစမြဲဖြစ်ရာ ချင်ယွမ်ဖုန်းက သူမကို ယုံကြည်စွာ မျှဝေခြင်းမှာ သူတို့အကြား မည်မျှ ရင်းနှီးသွားပြီဖြစ်ကြောင်း သက်သေပင် ဖြစ်ချေသည်။

မုန့်ချီလော့သည် နတ်သက်ကြွေဆေးမြက်မျိုးစေ့နှင့် သဘာဝ နတ်စမ်းရေတို့ကို သူမ၏ လက်ကောက်အတွင်းသို့ ထည့်လိုက်သည်ကို မြင်သောအခါ ချင်ယွမ်ဖုန်းမှာ အားကျသွားရ၏။

သိုလှောင်အိတ်ဟူသည် သီးခြား သိုလှောင်နိုင်သော နေရာလွတ်လေးများ ဖြစ်ပေရာ ယင်းကို အိတ်ပုံစံသာမက လက်ကောက်၊ လက်စွပ်၊ ဆွဲကြိုး စသည်ဖြင့် အမျိုးမျိုး ဖန်တီးနိုင်ပေသည်။

သို့သော်လည်း ယင်းတို့မှာ သိုလှောင်အိတ်ထက် များစွာ ပိုမိုတန်ဖိုးကြီးလှပေသည်။

ထိုသို့ဖြင့် သူတို့နှစ်ဦး လမ်းခွဲခဲ့ကြပြီး ချင်ယွမ်ဖုန်းမှာ မုန့်ချိုလော့နှင့် မည်သည့်အခါမှ ပြန်ဆုံမည်ကို မသိနိုင်သဖြင့် သက်ပြင်းတစ်ချက် ချလိုက်မိတော့သည်။

"ဒါနဲ့ ရှောင်လင်... နတ်သက်ကြွေဆေးမြက်က တကယ်တမ်း ဘာအတွက် သုံးတာလဲ" ဟု ချင်ယွမ်ဖုန်းက မေးလိုက်၏။

ရှောင်လင်၏ ပုံရိပ်သည် ချင်ယွမ်ဖုန်း၏ အာရုံထဲတွင် ပေါ်လာပြီး "နတ်သက်ကြွေဆေးမြက်ဟာ အဆင့်ရှစ် ဝိညာဉ်အပင်တစ်မျိုးဖြစ်ပြီး ကုသနိုင်စွမ်း အလွန်ကြီးမားပါတယ်။ သက်တမ်းရင့်လေလေ ကုသနိုင်စွမ်း ပိုထက်မြက်လေလေပါပဲ" ဟု ရှင်းပြလေသည်။

"အော်... သိပြီ" ဟု ချင်ယွမ်ဖုန်းက ခေါင်းညိတ်လျက် "ဒါဆို နတ်သက်ကြွေဆေးလုံးကရော" ဟု ထပ်မံမေးမြန်းပြန်သည်။

"နတ်သက်ကြွေဆေးလုံးဆိုတာ နတ်သက်ကြွေဆေးမြက်ကို အဓိကသုံးပြီး ဖော်စပ်ထားတဲ့ဆေးလုံးပါ။ အဆင့်ရှစ် ထိပ်တန်းဆေးလုံးဖြစ်ပြီး သေလူကို ပြန်ရှင်စေနိုင်သလို အရိုးပေါ်မှာအသားပြန်တက်စေနိုင်တဲ့အထိ အစွမ်းထက်ပါတယ်။ အသက်ရှူသံ တစ်ချက်လေး ကျန်နေသေးရင်တောင် ကယ်တင်နိုင်ပါတယ်" ဟု ရှောင်လင်က လေးလေးနက်နက် ဖြေကြားလိုက်ပေတော့သည်။

***